## (၃) **ကြက်သွန်ထိပ်ပုပ်ရောဂါ (Neck rot)**

ရောဂါဖြစ်စေသောသက်ရှိ- *Ciborinia allii* (Sawada) L.M. Kohn 1979, (*Botryotinia allii* (Sawada) W. Yamam 1956)

ရောဂါလက္ခဏာ

ကြက်သွန်ဥ ဂုတ်ပတ်လည်တွင် တစ်သျှူးသားများပျော့၍ အညိုရောင်ဖြစ်ပြီး မှိုအညို ရောင်/ အနက်ရောင်အစုများတွေ့ရသည်။ ၎င်းဒါဏ်ရာမှ ဘက်တီးရီးယား ဝင်ရောက် ခြင်းကြောင့် အပျော့ပုပ်ရောဂါထပ်ဆင့်ဖြစ်စေသည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကင်း၍ ကောင်းမွန်စွာခြောက်သွေ့ပြီးသော ကြက်သွန်မျိုးများကို ရွေးချယ် စိုက်ပျိုးပါ။
- မြေဆောင်မှိုရောဂါအတွက် မျိုးစေ့လူးနယ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ် စိုက် ပျိုးပါ။
- စိုက်ချိန်နောက်ပိုင်းတွင် နိုက်ထရိုဂျင် (ပုလဲ) မြေသြဇာ လွန်ကဲစွာ ကျွေးခြင်း မပြုရ။ ကြက်သွန်မတူးဖော်မီ (၁၀)ရက်မှ (၁၄) ရက်အတွင်း ရေသွင်း ခြင်းမပြုပါနှင့်။
- ခြောက်သွေ့သော ရာသီဥတုသာ ကြက်သွန်တူးဖော်ပါ။

- အမြိတ်မဖြတ်မီ တစ်ပတ်အလိုတွင် စိုက်ခင်းကို အခြောက်ထားပါ။
- သိုလှောင်ခြင်းမပြုမီ လေဝင်လေထွက်ကောင်းစေရန် ပြုလုပ်ပေးပါ။
- သိုလှောင်ရာတွင် အပူချိန် (၃၄-၃၆) ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ (၇၀%) ထက် လျော့နည်းမှသာလျှင်အကောင်းဆုံးဖြစ်သည်။
- ရောဂါလက္ခဏာ စတွေ့သည်နှင့် အောက်ပါမှိုသတ်ဆေးများ အသုံးပြုပါ။
- Azoxystrobin (အဇိုဆီစထရိုဘင်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်) Iprodione (အိုင်ပရိုဒီရုန်း)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)